နွေဦးအသံ

the voice of spring

2.7.2021 · Friday · No . 70 · Daily News Pamphlet


## NUG အစိုးရကို တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုဖို့ ပြင်သစ်အထက်လွှတ်တော်အမတ်များလက်မှတ်ရေးထိုးခဲ့

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## စစ်အုပ်စုမှ အာဏာသိမ်းအပြီး(၅)လအတွင်း နိုင်ငံတည်ငြိမ်အေးချမ်းမှုကင်းမဲ့နေဟု PPST ဥက္ကဋ္ဌပြော

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

ပြင်သစ်နိုင်ငံအထက်လွှတ်တော်၊ နိုင်ငံခြားရေး၊ ကာကွယ်ရေးနှင့် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာကော်မတီဥက္ကဋ္ဌ၏ ဖိတ်ကြားမှုအရ အစည်းအဝေးပွဲသို့ အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်ဝေစိုး၊ ဒေါက်တာဆာဆာ၊ ဦးမိုးဇော်ဦးတို့နှင့် CRPH ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်တို့တက်ရောက်ဆွေးနွေးခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – NUG မှ

## ရန်ကုန်၊မန္တလေးမြို့ကြီးများအပြင် နိုင်ငံအနှံ့၌ ပြောက်ကျားသပိတ်စစ်ကြောင်းများကို ပြုလုပ်ခဲ့ကြ







ဂျူလိုင်လ(၁)ရက်၊ လူအင်အားရာချီသော ရန်ကုန်မြို့နယ်ပေါင်းစုံလူငယ်သပိတ်စစ်ကြောင်းနှင့် မန္တလေးတပ်ပေါင်းစုသပိတ်စစ်ကြောင်းတို့ကို အသီးသီးတွေ့မြင်ရစဉ် -(ဓါတ်ပုံ - CJ )

နိုင်ငံတကာပါလီမန်ယူနီယံ IPU ၊ အာရှပါလီမန် AIPA တို့က ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ CRPH နှင့် တရားဝင်ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး ဇွန်(၃၀)ရက်တွင် ပြုလုပ်ကျင်းပခဲ့သော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးသို့ AIPA အတွင်းရေးမှူးက တက်ရောက်ခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – နွေဦးအသံ မှ

## ဇွန်(၁၉)ရက်မှ ဇွန်(၃၀)ရက်အတွင်း စစ်အုပ်စုမှ အပြစ်မဲ့ပြည်သူ(၄၀)ခန့်ကို အကြမ်းဖက်သတ်ဖြတ်ခဲ့

သတင်းတို

ရင်းမြစ် – RFA မှ

## ရန်ကုန်၊ စမ်းချောင်းမြေနီကုန်းတံတားအောက်ရှိ ယာဉ်ထိန်းရဲရုံး၌ ဗုံးပေါက်ကွဲခဲ့ပြီး အမျိုးသမီးတဦးဒဏ်ရာရခဲ့

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျေးသီးမြို့၌ SSPP နှင့် RCSS တို့ တိုက်ပွဲများဖြစ်ပွားနေသဖြင့် ဒေသခံ(၁၀၀၀)ကျော် နေရပ်စွန့်ခွာ ထွက်ပြေးနေကြရ

သတင်းတို

ရင်းမြစ် – RFA မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားး၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံး၀)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ ဂျူလိုင်(၁)ရက်အထိ

ကျဆုံးသူဦးရေ - ၈၈၅ ဦး

အဖမ်းဆီးခံရသူဦးရေ- ၆၄၆၂ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၆၅ ဦး

ရင်းမြစ် – အေအေပီပီမှ

the voice of spring
2.7.2021 · Friday · No . 70 · Daily News Pamphlet

# သတင်းမှတ်စု

ဇူလိုင်(၁)ရက်၊ ၂၀၂၁

**အရေးတော်ပုံ မုချ အောင်ရမည်**

- ကနီမြို့နယ်၌ စစ်အုပ်စုက ဧပြီလ(၁၁)ရက်မှ ဇွန်လ(၂၀)ရက်အထိ မြို့နယ်တွင်း ရပ်ကွက်(၃)ခု၊ ကျေးရွာ(၅၁)ရွာခန့်ကို ဝင်ရောက်စီးနင်းကာ တန်ဖိုးရှိပစ္စည်းများ၊ စားနပ်ရိက္ခာများ လုယက်ခဲ့ပြီး ကားနှင့် ဆိုင်ကယ်များကိုလည်း ဖျက်ဆီးခဲ့ကာ ပြည်သူ(၄)ဦးကို သတ်ဖြတ်ခဲ့ပြီး (၄၂) ဦးထက် မနည်း ဖမ်းဆီးရိုက်နှက်ခံရပြီး (၃၉) ဦးကို ဖမ်းဆီးထားကြောင်း၊ စစ်အုပ်စု၏ အကြမ်းဖက်မှုများကို သည်းမခံနိုင်သဖြင့် ရရာလက်နက်စွဲပြန်လည်တိုက်ခိုက်ခဲ့ရာ တိုက်ပွဲပေါင်း အကြိမ်(၃၀)ထက် မနည်းဖြစ်ခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဘက်မှ (၂၇) ဦး အာဇာနည်ပီသစွာ ကျဆုံးခဲ့ဟုသိရ။
- ရန်ကုန်၊ ကမာရွတ်မြို့နယ်၊ (၆) ရပ်ကွက်ရှိ Highway Complex အိမ်ရာ၌ နံနက် (၁၀:၄၅)ခန့်က စစ်အုပ်စုက အင်အား(၄၀) ခန့်ဖြင့် နှင်းဆီလမ်းရှိ Lynn Marine ဆိုင်ကို ဝင်ရောက်စီးနင်းမှု ပြုလုပ်ခဲ့ဟုသိရ။
- မိုးကုတ်မြို့မှ တက်ကြွလှုပ်ရှားသူ ဦးစိုးဋ္ဌေးကို မမိသဖြင့် ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသူ အသက်(၄)နှစ်အရွယ် မစုထက်ဝိုင်းကို ဇွန်(၃၀)ရက်က ပြန်လွှတ်ပေးခဲ့သော်လည်း ဇနီးဖြစ်သူနှင့် အစ်မဖြစ်သူကိုမူ ဆက်လက်



မတရားချုပ်နှောင်ထားဆဲဟုသိရ။
- မြင်းခြံမြို့ အမှတ်(၁၈)နှင့်(၄) ရပ်ကွက်ရှိ နေအိမ်များကို ဇွန်(၃၀)ရက်၊ ညပိုင်းက စစ်အုပ်စုက ဝင်ရောက်စီးနင်း၍ အနည်းဆုံး ပြည်သူ(၁၀)ဦးခန့်ကို အကြမ်းဖက်ဖမ်းဆီးခဲ့ဟုသိရ။
- ဖားကန့်မြို့နယ်နှင့် လုံးခင်းကျေးရွာ အုပ်စုကြား ခွပ်စိုင်ယန်ကျေးရွာအနီး၌ အရပ်ဝတ်ဝတ်ဆင်ထားသည့် စစ်ကျွန် ရဲအုပ်ဟိန်းဇော်၊ ရဲတပ်သား ကိုကိုနှင့် နေလင်းထွန်းတို့ သုံးဦးကို လက်နက်များနှင့်အတူ KIA တပ်ရင်း ၄၄ တပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ဟုသိရ။
- မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့ အမှတ် (၁) ချစ်ကြည်ရေးတံတား၌ နံနက်(၁)နာရီခန့်က လုံခြုံရေးယူထားသည့် BGF အချင်းချင်း ပစ်ခတ်မှုဖြစ်ပွားရာ (၃)ဦး သေဆုံးပြီး တစ်ဦး



ဒဏ်ရာရရှိခဲ့။
- ထားဝယ်မြို့သို့ နံနက်(၈)နာရီခန့်က လက်နက်ကြီးနှင့် အမြောက်များ တင်ဆောင်ထားသည့် တွဲကားလေးစီးပါ အကြမ်းဖက်စစ်အုပ်စုယာဉ်တန်း ဝင်ရောက်ခဲ့ဟုသိရ။
- မြင်းခြံမြို့ အမှတ် (၂) ရပ်ကွက်ရှိ ပြောင်ပြာတံတားပေါ်၌ နံနက်(၅)နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားရာ လမ်းသွားလမ်းလာ ပြည်သူတဦး သေဆုံးခဲ့ဟုသိရ။
- မြင်းခြံမြို့ အမှတ်(၁၉)ရပ်ကွက်ရှိ ပျူစောထီးအဖွဲ့ဝင် ဒေါ်သီတာယုမွန်အိမ်သို့ လက်နက်ကိုင် လူအချို့က ဝင်ရောက်ပစ်ခတ်မှုပြုလုပ်ရာ နေအိမ်တွင်း ကင်းပုန်းယူထားသည့် ပျူစောထီးအဖွဲ့ဝင်များက ပြန်လည်ခုခံမှု ဖြစ်ပွားခဲ့ဟုသိရ။
- တောင်သာမြို့နယ် ထွေအုပ်ရုံးစာရေး သေနတ်နှင့် ပစ်ခတ်ခံခဲ့ရပြီးနောက် မြို့နယ် NLD သတင်းပြန်ကြားရေးအဖွဲ့ဝင် ဦးမောင်စိန်ကို ၎င်းမိဘများနေထိုင်ရာ အမှတ် (၆) ရပ်ကွက်၌ စစ်အုပ်စုက အကြောင်းမဲ့ဝင်ရောက်ဖမ်းဆီးခဲ့ဟုသိရ။
- နတ်တလင်းမြို့၊ သုခကာရီ ပရဟိတ အသင်းဝင်ဖြစ်ပြီး မြို့နယ်ကြက်ခြေနီအဖွဲ့ဝင် ကိုထိုက်ကို စစ်အုပ်စုက ဇွန်(၂၉) ရက် ညပိုင်းက ပြည်မြို့သို့လူနာပို့ပြီးအပြန်တွင်ဖမ်းဆီးခဲ့။
- ပြည်မြို့ရှိ CDM ပြုလုပ်နေသည့် ဒေါက်တာဝတ်ရည်အောင်ကို စစ်အုပ်စုက နံနက် (၇) နာရီခန့်တွင် ပြည်နှင့် ပေါက်ခေါင်းမြို့ အကြား၌ စစ်အုပ်စုက ကားများဖြင့် တားဆီးကာ ဖမ်းဆီးခဲ့ဟုသိရ။
- ရန်ကုန်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်နှင့် မင်္ဂလာတောင်ညွန့် လူငယ် စုပေါင်းသပိတ်။ မန္တလေး၊ မန်းလေးလူငယ်သပိတ်စစ်ကြောင်း၊ အောင်မြေသာစံပညာရေး ကျောင်းပေါင်းစုံစုပေါင်းသပိတ်စစ်ကြောင်း၊ ချမ်းမြသာစည် သပိတ်စစ်ကြောင်း၊ တပ်ပေါင်းစုသပိတ်၊ အောင်ပင်လယ် သပိတ်စစ်ကြောင်း၊ သံဃသမဂ္ဂ။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်၊ လက်ပံတောင်းတောင် ကျေးရွာများ။ ကလေးမြို့။ တန့်ဆည်။ မြိုင်။ ရေဖြူ၊ ကံပေါက်။ သရက်ချောင်း။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ် ကျေးရွာများ။ ကချင်၊ မြစ်ကြီးနား၊ ဖားကန့်မြို့ လုံးခင်းအုပ်စု၊ တာမခန် စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများနှင့် ချီတက် ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ်-မဇ္ဈိမ

## ရှေ့သို့

ကျားရဲ့ဟာ
သွားတဖြဲဖြဲနဲ့
သွေးခွဲဖို့ ကြံနေတယ်။

သူ့အသက် ဆယ်ခါလွှတ်ဖို့
သူများအသက် တခါလွှတ်တယ်။

လွှတ်ရာလွှတ်ကြောင်း
ဆုမတောင်းနဲ့
ဒေါင်းမာန် ဒေါင်းအလံထူပြီး
တော်လှန်သူ ဖြစ်ဖို့လိုတယ်။

စုကြ
ရုံးကြ
သူတို့ရှုံးမှာ မရှောင်မလွဲ
ငါတို့အပြုံးနဲ့ အောင်ပွဲခံမယ်။ ။

**လက်ရုံးညီ**

**The Voice Of Spring Cartoon**

